ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**
**စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီ**

**ရုံးအမိန့်**

အမှတ်။ ၁၁၆။ ရက်စွဲ၊ ၉ -၆-၂၀၁၇

အကြောင်းအရာ။ **သင်တန်းသားအဖြစ်မှတ်ပုံတင်ရန်ကိစ္စ**

ရည်ညွှန်းချက် ။ ဤရုံး၏ ၂၆-၄-၂၀၁၇ ရက်စွဲပါ ရုံးအမိန့်အမှတ် ၀၈၇ နှင့် ၀၈၈

၁။ မြန်မာနိုင်ငံစာရင်းကောင်စီကကြီးမှူးဖွင့်လှစ်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် ၄၃ တွင် တက်ရောက်ခွင့်ရသူများစာရင်းကို ရည်ညွှန်းချက်ပါ ရုံးအမိန့်များဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ရည်ညွှန်းချက်ပါရုံးအမိန့်များ၌ ကိုယ်ပိုင်သင်တန်းကျောင်းများတွင် တက်ရောက်မည့်သူများနှင့် ကိုယ်တိုင်လေ့လာသင်ယူမည့်သူများ မှတ်ပုံတင်ရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။ ကိုယ်ပိုင်သင်တန်းကျောင်းများတွင် ယခုနှစ်တက်ရောက်ခွင့်ရသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် နှစ်ဟောင်းမှ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းကို ပြန်လည်တက်ရောက်ကြရမည့်သူများ (သင်တန်းတက်ရောက်ချိန် ၆၀ % မပြည့်သူများ၊ စာမေးပွဲကျရှုံးသူများနှင့် နုတ်ထွက်ခွင့်တင်သူများ)သည် ၁၂-၆-၂၀၁၇ နေ့မှ ၃၀-၁၂-၂၀၁၇ နေ့အတွင်း မှတ်ပုံတင်ရေး ဆောင်ရွက်ရမည်။ ယင်းကာလအတွင်း မှတ်ပုံတင်ခြင်း မပြုပါက လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် ၄၃ အတွက် မှတ်ပုံတင်ခွင့် ဆုံးရှုံးမည်။ မှတ်ပုံတင်ခြင်းကို MAC ရုံး သို့မဟုတ် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတစ်ခုတွင်သာ ပြုလုပ်ရန် ဖြစ်သည်။

၃။ MAC သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်ခွင့်ရရှိပြီး ကျောင်းအပ်နှံခြင်းမပြုသူများသည် MAC သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်ခွင့် ရသကဲ့ပန်ဆုံးရှုံးမည်။

၄။ MAC သင်တန်းကျောင်းတွင် တက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်ချိန် ၆၀ % မပြည့်သူများသည် MAC သင်တန်းကျောင်းတွင် တက်ရောက်လိုပါက အမှတ်စဉ် ၄၃ သင်တန်းတွင် နောက်ဆုံးအကြိမ်အဖြစ် လက်ခံမည်ဖြစ်၍ ၂၂-၆-၂၀၁၇ နေ့နောက်ဆုံးထား၍ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရမည်။

ခင်စန်းဦး
ဥက္ကဋ္ဌ

စာအမှတ်၊ မစက/ ၄၀၁/ (၃၇၆ /၂၀၁၇) ရက်စွဲ၊ ၉ -၆-၂၀၁၇

ဖြန့်ဝေခြင်း

ကျော်ငြာသင်ပုန်း

မိတ္တူ

မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များ

စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီဝင်များ

ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ

ရုံးလက်ခံ

မျှော